# အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်မှု အချက်အချာကျသော မြို့ကြီးများတွင် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ နိုင်ငံသား၊ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုပြုကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကုန်းတွင်းဆိပ်ကမ်းလုပ်ငန်းများ။

(ခ) အာမခံကုန်လှောင်ရုံ (Bonded Warehouse) လုပ်ငန်းများ။

(ဂ) အဝေးပြေးယာဉ်၊ ကုန်တင်ယာဉ်ရပ်နားစခန်းများ။

(ဃ) ကုန်သွယ်မှုအထောက်အကူပြုသိုလှောင်ရုံ၊ လက်ကားရောင်းဝယ်ရေး အထောက်အကူပြု အခြေခံအဆောက်အအုံလုပ်ငန်းများ။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် လက်ဝယ်တွင် မြေပိုင်ဆိုင်မှုရှိပြီးသူများအနေဖြင့် အဆိုပြုလွှာများအမြန်ဆုံးတင်ပြနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁ ၆၅၇၈၉၁

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၄)
ဖုန်းနံပါတ် -၀၁ ၆၅၈၁၃၀ ၊ ၆၅၈၁၄၂
Email - dica.investment4@gmail.com